ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့(၄.၉.၂၀၂၀)ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ စိစစ်ရေး ကော်မတီမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော၂၀၂၀- ၂၀၂၁ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အမည်စာရင်းပေးပို့တဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ယခု ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နှစ်ကုန်ခန့်မှန်း တန်ဖိုး ကျပ် ၆၅၈၀ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းမှာ ကျပ် ၇၁၄၅ ဘီလီယံ ရရှိရန်နှင့် ၈.၆ ရာခိုင်နှုန်း တိုးတက်ပြောင်းလဲရန် ရည်မှန်းထားသည်ကို တွေ့ရှိပါတယ်။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန် ခန့်မှန်းတန်ဖိုးကျပ် ၅၄၅၁ ဘီလီယံ ဖြစ်ပေါ်ရန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသန္တရ

စီမံကိန်းတွင် ကျပ် ၅၇၁၈ ဘီလီယံ ရရှိရန်နှင့် တိုးတက်မှုနှုန်း ၄.၉ ရာခိုင်နှုန်းဖြစ်ပေါ်ရန် ရည်မှန်းထားပြီး လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၀၉၄,၈၀၀ ကျပ် ဖြစ်ပေါ်ရန် ရည်မှန်းထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဗဟိုအဖွဲ့အစည်းများအနေဖြင့် ကျပ် ၅၉.၃၈၄ ဘီလီယံ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ကျပ် ၂.၅၀၀ ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာန ကျပ် ၃.၉၆၉ ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကျပ် ၀.၉၅၄ ဘီလီယံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ကျပ် ၀.၀၂၄ ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျပ် ၁.၇၅၆ ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ကျပ် ၁.၃၆၀ ဘီလီယံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန ကျပ် ၄၁.၁၀၀ ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျပ် ၃.၉၈၀ ဘီလီယံ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျပ် ၉၀.၇၃၄ ဘီလီယံနှင့် စည်ပင်သာယာရေးအဖွဲ့ ကျပ် ၂၁.၅၅၈ ဘီလီယံ၊ စုစုပေါင်း ၂၂၇.၃၂၃ ဘီလီယံကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံရန် အဆိုပြုလျာထားသည်ကို စိစစ်တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်၏ စီးပွားရေးကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများတွင် ကဏ္ဍ(၁၂)ခု ဖြစ်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှု ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေး ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှု ကဏ္ဍတို့တွင် တိုးတက်ရရှိရန် ရည်မှန်းထားပြီး သစ်တောကဏ္ဍတွင် လျော့နည်းရန် ရည်မှန်း ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥပဒေကြမ်းတွင် ပြည်နယ်တွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားစေရေးအတွက် မြင့်မားသောစီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့်

လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေကြမ်း ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နဲ့ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၀ (ခ)နှင့်အညီ ၂- ၉- ၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်သွင်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၂၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ အတည်ပြုနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။